# ကျင့်ဝတ်ဥပဒေ

မသန်စွမ်းသူများ၏ အခွင့်အရေးများ တောင်းဆိုထောက်ခံပေးရေးဆိုင်ရာ ရန်ပုံငွေအဖွဲ့အစည်း ("DRAF) သည် အများပြည်သူအကျိုးပြု ဝန်ဆောင်မှုများ၊ အများပြည်သူအတွက် တာဝန်ယူဆောင်ရွက်ခြင်း၊ ရင်းမြစ်များကို ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် အမြင့်ဆုံးကျင့်ဝတ်ဆိုင်ရာ စံနှုန်းများကို သန္နိဋ္ဌာန်ချ မှတ်ပြီး လုပ်ဆောင်နေပါသည်။ ဤကျင့်ဝတ်ဥပဒေသည် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသော ပြဿနာရပ်အားလုံးကို မခြုံငုံမိစေကာမူ ဝန်ထမ်းများ၊ အကြံပေး ပုဂ္ဂိုလ်များနှင့် စီမံညွှန်ကြားရေးဘုတ်အဖွဲ့ဝင်များအား လမ်းညွှန်ပေးရန် အခြေခံသဘောတရားများကို ပြဋ္ဌာန်းထားပါသည်။ ကျွန်ုပ်တို့၏စံတန်ဖိုးများကို ဝန်ထမ်းများနှင့် ဘုတ်အဖွဲ့ဝင်များ လိုက်နာကျင့်သုံးနေသော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများမှ အားဖြည့်ထောက်ခံပေးထားပါသည်။

**I. ပုဂ္ဂိုလ်ရေးအရနှင့် အတတ်ပညာအရ ဖြောင့်မတ်မှန်ကန်မှု**

ဝန်ထမ်းများနှင့် ဘုတ်အဖွဲ့ဝင်အားလုံးတို့သည် အဖွဲ့အစည်း၏အထူးတာဝန်တစ်ခု ဆောင်ရွက်ရာတွင် ရိုးသားမှု၊ ဖြောင့်မတ်မှန်ကန်မှုနှင့် ပွင့်လင်းမှုတို့ဖြင့် ပြုမူဆောင်ရွက်သွားပါမည်။ အဖွဲ့အစည်းအနေဖြင့်လည်း လေးစားမှု၊ တရားမျှတမှု၊ ဖြောင့်မတ်မှန်ကန်မှုနှင့် ဂုဏ်သိက္ခာတို့အား တန်ဖိုးထားသည့် လုပ်ငန်း ပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်ပေးပါသည်။

**II. အထူးတာဝန်**

အဖွဲ့အစည်းတွင် စီမံညွှန်ကြားရေးဘုတ်အဖွဲ့ဝင်များ အတည်ပြုထားသည့် ပြတ်ပြတ်သားသားထုတ်ပြန်ထားသော အထူးတာဝန်တစ်ရပ်နှင့် ရည်ရွယ်ချက် တစ်ရပ် ရှိပါသည်။ ယင်းတာဝန်ကို ပံ့ပိုးပေးနေသည့် ၎င်း၏အစီအစဉ်များအားလုံးနှင့် အဖွဲ့အစည်းအတွက် သို့မဟုတ် အဖွဲ့အစည်းကိုယ်စား ဆောင်ရွက် နေသူများအားလုံးသည် ထိုအထူးတာဝန်နှင့် ရည်ရွယ်ချက်ကို သဘောပေါက်နားလည်ရပါမည်။

**III. စံတန်ဖိုးများ**

DRAF သည် ကျွန်ုပ်တို့အတွက်သာမက ကျွန်ုပ်တို့၏ မိတ်ဖက်များကိုပါ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ညီလာခံ (အပိုဒ်ခွဲ 3) တွင် အောက်ပါ အတိုင်း ဖော်ပြထားသော အထွေ ထွေအခြေခံသဘောတရားများကို လေးစားလိုက်နာရန် တိုက်တွန်းအားပေးပြီး ဆောင်ရွက်နေပါသည် -

- လူတစ်ဦးတစ်ယောက်၏မိမိကိုယ်ပိုင် ရွေးချယ်မှုများကို လွတ်လပ်စွာနှင့် အမှီခိုကင်းစွာပြုလုပ်ပိုင်ခွင့်တို့အပါအဝင် လူတစ်ဦး တစ်ယောက်၏ လုပ်ပိုင်ခွင့်၊ လူတစ်ယောက်၏မွေးရာပါဂုဏ် သိက္ခာများကို လေးစားခြင်း
- ခွဲခြားဆက်ဆံမှုမရှိခြင်း
- လူမှုအသိုက်အဝန်းတွင် ပြည့်ပြည့်ဝဝနှင့် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ခြင်းနှင့် ပါဝင်ခွင့်ရရှိခြင်း
- မတူကွဲပြားမှုကို လေးစားပြီး မသန်စွမ်းသူများကို လူသားများ၏ကွဲပြားမှု တစ်စိတ်တစ်ပိုင်းအဖြစ်မှတ်ယူပြီး လူသားအဖြစ် လက်ခံခြင်း
- အခွင့်အရေး တန်းတူရရှိခြင်း
- အသုံးပြုခွင့်ရရှိခြင်း
- အမျိုးသားများနှင့် အမျိုးသမီးများကြား တန်းတူရရှိခြင်း
- မသန်စွမ်းကလေးငယ်များ၏ စွမ်းရည်များ ပြောင်းလဲလာခြင်းကို လေးစားပြီး မသန်စွမ်းကလေးငယ်များ၏ ကိုယ်ပိုင်လက္ခဏာများကို ထိန်းသိမ်းရန် ၎င်းတို့၏ အခွင့်အရေးများကို လေးစားခြင်း
- မသန်စွမ်းသူများ၏ အစွမ်းအစများကို ယုံကြည်ခြင်း

ကျွန်ုပ်တို့အနေဖြင့်လည်း ဤထပ်လောင်းအခြေခံသဘော တရားများကို လေးစားလိုက်နာရန် တိုက်တွန်းအားပေးပြီး ဆောင်ရွက်နေပါသည်။

- *သင်ကြားရေးနှင့် ပြောင်းလဲရေး* - မသန်စွမ်းသူများ၏အခွင့်အရေးများ တိုးတက်လာစေရန် ကျွန်ုပ်တို့ ဆောင်ရွက်နေသော အလုပ် အပေါ် ပွင့်ပွင့်လင်းလင်းချဉ်းကပ်လာခြင်းကို လက်ခံခြင်း။ ဤသို့လုပ်ဆောင်ရန် ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များမှ သင်ယူခြင်း၊ လိုအပ်ချက်များအပြင် အောင်မြင်မှုများကို တုံ့ပြန်ဆောက်ရွက်ပေးခြင်းနှင့် သင့်တော်သည့်အချိန်တွင် ဘာသာရပ်ကို ပြောင်းလဲပေး ခြင်းတို့ လုပ်ဆောင်ရန် လိုအပ်သည်။
- *ပူးပေါင်းဆောင်ရွက်ခြင်းများ* - စွမ်းဆောင်ရည် တိုးတက်လာရန်နှင့် အခွင့်အရေးများ ပိုမိုရရှိလာရန်အတွက် ပူးပေါင်းဆောင်ရွက်မှု အမျိုးမျိုးဆောင်ရွက်ခြင်းကို မဟာဗျူဟာ၏တစ်စိတ်တစ်ဒေသအဖြစ် တိုက်တွန်းအားပေးခြင်း
- *တာဝန်ခံမှု* - လူတစ်ဦးတစ်ယောက်၏လုပ်ဆောင်မှုများအတွက် အထူးသဖြင့် လုပ်ပိုင်ခွင့် အာဏာရှိသောအချိန်တွင် တာဝန်ယူ ဆောင်ရွက်ရန် အားထုတ်ဆောင်ရွက်ခြင်း

- *အခွင့်အရေးများ ဖွံ့ဖြိုးမှု* - အခွင့်အရေးကိုအခြေခံထားသော မူဝါဒများနှင့် အစီအစဉ်များကို ပိုမိုဖော်ဆောင်ပေးခြင်း
- *ရေရှည်တည်တံ့နိုင်ရေး* - သဘာဝပတ်ဝန်းကျင်နှင့် သင့်မြတ်သောပုံစံတစ်ခုဖြင့် ရေရှည် ခံနိုင်ပြီး အသိုက်အဝန်းမှ ဦးဆောင်လုပ်ကိုင်သည့် လုပ်ဆောင်မှုများအတွက် လိုအပ်ချက်ကို အသိအမှတ်ပြုခြင်း
- *အောင်ပွဲခံခြင်း* - အပြုသဘောဆောင်သောအတွေ့အကြုံများကို မျှဝေပေးခြင်း၊ အောင်မြင်မှုများကို ပြန်လည်တွေးကြည့်ခြင်းနှင့် ကျွန်ုပ်တို့ အနီးတစ်ဝိုက်တွင် မတူကွဲပြားမှုကို အသိအမှတ်ပြုခြင်းတို့၏ အရေးပါမှုကို အမှတ်ရခြင်း

## IV. အုပ်ချုပ်ခြင်း

အဖွဲ့အစည်းတွင် တာဝန်နှင့် မဟာဗျူဟာမြောက်သော လမ်း ညွှန်ချက်များချမှတ်ခြင်းနှင့် ဘဏ္ဍာရေး၊ လည်ပတ်ဆောင်ရွက်မှုများနှင့် မူဝါဒများ ကြီးကြပ်ရေးတာဝန်တို့ကို စီမံအုပ်ချုပ်ခြင်းတို့အား တာဝန်ယူထားသည့် သွက်လက်ဖျတ်လတ်သော စီမံညွှန်ကြားရေးဘုတ်အဖွဲ့တစ်ခု ရှိပါသည်။ စီမံညွှန်ကြားရေးဘုတ်အဖွဲ့ တာဝန်ယူဆောင်ရွက်သွားမည့် အဆင့်များမှာ -

- အဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏တာဝန်များကို အကောင်အထည်ဖော်ဆောင်ရန်နှင့် အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်း၏ ရည်ရွယ်ချက် အကျိုးကျေးဇူးအတွက် ဆောင်ရွက်နေသော ၎င်းတို့၏အုပ်ချုပ်ရေးတာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ဝင်များတွင် လိုအပ်သည့် စွမ်းရည်များနှင့် အတွေ့အကြုံများရှိလာအောင် ဆောင်ရွက်ပေးခြင်း
- အကျိုးစီးပွား ပဋိပက္ခဖြစ်ခြင်း သို့မဟုတ် ယင်းသို့ ဖြစ်ပေါ်လာဟန်ရှိခြင်းကို ဖွင့်ဟထုတ်ဖော်ခြင်း၊ ရာထူးမှဖယ်ရှားခြင်း သို့မဟုတ် အခြားနည်းလမ်းများအားဖြင့် ရှောင်ရှားနိုင်စေမည့် သို့မဟုတ် သင့်လျော်စွာ စီမံခန့်ခွဲနိုင်စေမည့် အကျိုးစီးပွား ပဋိပက္ခဖြေရှင်းရေး ဆိုင်ရာ မူဝါဒတစ်ခုထားရှိခြင်း
- အမှုဆောင်ဒါရိုက်တာနှင့် သင့်တော်သည့်ဝန်ထမ်းများမှ အုပ်ချုပ်ရေးအဖွဲ့အား ၎င်း၏တာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက် နိုင်ရန် အချိန်မီပြီးပြည့်စုံသော သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်ပေးခြင်း
- အဖွဲ့အစည်းအနေဖြင့် လုပ်ငန်းကိစ္စအားလုံးနှင့် ဆက်ဆံမှုများကို ဂုဏ်သိက္ခာရှိရှိ ရိုးရိုးသားသား စီမံခန့်ခွဲနိုင်အောင် ဆောင် ရွက်ပေးခြင်း
- အဖွဲ့အစည်းသည် အပြန်အလှန် လေးစားမှု၊ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့အားအခြေခံ၍ အလှူရှင်များ၊ ဘုတ်အဖွဲ့ ဝင်များ၊ ဝန်ထမ်းများ၊ အတိုင်ပင်ခံများ၊ စေတနာ့ဝန်ထမ်းများ၊ ထောက်ပံ့ကြေးရရှိသူများနှင့် လုပ်ငန်းဆိုင်ရာဆက်ဆံရေးများ မြှင့်တင်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ပေးခြင်း
- အဖွဲ့အစည်းအနေဖြင့် ဘုတ်အဖွဲ့၊ ဝန်ထမ်း၊ အတိုင်ပင်ခံနှင့် စေတနာ့ဝန်ထမ်းနေရာများအတွက် ဝန်ထမ်းခန့်ထားခြင်းမူဝါဒများ မြှင့်တင်ခြင်းနှင့် လက်တွေ့ကျင့်သုံးမှုတို့တွင် တရားမျှတမှုရှိရေးနှင့် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်ပေးခြင်း
- အဖွဲ့အစည်း၏မူဝါဒများကို ရေးသားထားခြင်း၊ ရှင်းရှင်းလင်းလင်း ဆွေးနွေးထားခြင်းနှင့် တရားဝင် ပြဌာန်းထားခြင်းရှိအောင် ဆောင်ရွက်ပေးခြင်း
- အဖွဲ့အစည်း၏ရင်းမြစ်များကို တာဝန်သိသိ အမြော်အမြင်ရှိရှိ စီမံထားနိုင်အောင် ဆောင်ရွက်ပေးခြင်း
- အဖွဲ့အစည်းတွင် ၎င်း၏အစီအစဉ်များကို ထိထိရောက်ရောက် လုပ်ဆောင်ရန် စွမ်းရည်ရှိအောင် ဆောင်ရွက်ပေးခြင်း

## V. ဥပဒေနှင့်အညီ လိုက်နာခြင်း

ဝန်ထမ်းများနှင့် ဘုတ်အဖွဲ့များအနေဖြင့် အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်ဥပဒေနှင့် မန်ဆာချူးဆက်ပြည်နယ် ဥပဒေတို့အပြင် အဖွဲ့အစည်းမှ လှုပ်ရှားဆောင်ရွက်မှုများလုပ်ဆောင်ရာ အခြားတရားစီရင်ပိုင်ခွင့်နယ်မြေ၏ အကျုံးဝင်သောဥပဒေများနှင့် နိုင်ငံတကာ သဘောတူညီချက်များကို စာဖြင့်သာမက အသိစိတ်ဓာတ်ဖြင့်ပါ လိုက်နာမည်ဟု မျှော်မှန်းထားသည်။

## VI. တာဝန်ယူစိတ်ဖြင့် ကြီးကြပ်ကွပ်ကဲခြင်း

အဖွဲ့အစည်းအနေဖြင့် ၎င်း၏ရန်ပုံငွေများကို တာဝန်သိသိ အမြော်အမြင်ရှိရှိဖြင့် စီမံခန့်ခွဲမည်။ ဝန်ထမ်းများနှင့် ဘုတ်အဖွဲ့ဝင်များ ဆောင်ရွက်ပေးရမည်မှာ -

- ထိရောက်သောစာရင်းအင်းဆိုင်ရာ စနစ်များ၊ အဖွဲ့အစည်းအတွင်း ထိန်းချုပ်မှုများ၊ ဝန်ထမ်းများ အရည်အသွေး ပြည့်ဝမှု ရှိလာအောင် စီမံအုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များနှင့် ပညာရပ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် အရေးကြီးသော အခြား အသုံးစရိတ်များတွင် လုံလောက်သည့်ပမာဏ သုံးစွဲထားရမည်
- ဝန်ထမ်းများ၏လျော်ကြေးငွေမှာ မျှတမှုရှိပြီး သင့်လျော်မှု ရှိရမည်
- သုံးစွဲမှုဆိုင်ရာကျင့်သုံးမှုများနှင့် မူဝါဒများသည် အထူးတာဝန် တစ်ရပ် အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် မျှတရမည်၊ ကျိုးကြောင်းကိုက်ညီမှု ရှိရမည့်အပြင် သင့်တင့်မှုရှိရမည်
- ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများသည် အချက်အလက်များအား လုံးနှင့်ပတ်သက်၍ တိကျမှန်ကန်ပြည့်စုံရမည်။

## VII. ပွင့်လင်းမှုနှင့် ဖွင့်ဟထုတ်ဖော်ချက်

အဖွဲ့အစည်းအနေဖြင့် လူထု၊ မီဒီယာအပြင် ပါဝင်ပတ်သက်သူများအားလုံးသို့ ပြည့်စုံကျယ်ပြန့်သော အချက်အလက်များကို အချိန်မီ ပေးပို့ရန်နှင့် သတင်းအချက်အလက်များအတွက် ကျိုးကြောင်းညီညွတ်သော တောင်းဆိုမှုများကို အချိန်မီ တုံ့ပြန်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။ သတင်းအချက်အလက်များပိုမိုသိရှိလိုပါက အဖွဲ့အစည်း၏ ပွင့်လင်းမြင်သာသည့် အချက်အလက်များ ဖွင့်ဟထုတ်ဖော်ချက်မူဝါဒကို ကြည့်ရှုပါ။

## VIII. အစီအစဉ်အား အကဲဖြတ်သုံးသပ်ခြင်း

အဖွဲ့အစည်းအနေဖြင့် အစီအစဉ်၏ အကျိုးထိရောက်မှုအား ပုံမှန်ဆန်းစစ်အကဲဖြတ်ကာ ရရှိလာသည့် သင်ခန်းစာများအား အနာဂတ်အစီအစဉ်များတွင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်သည်။ အဖွဲ့အစည်းအနေဖြင့် အစီအစဉ်နှင့် အဖွဲ့အစည်းဆိုင်ရာ အကျိုးသက်ရောက်မှုတို့ တိုးတက်စေရန်နှင့် အဖွဲ့၏ လုပ်ရှားဆောင်ရွက်မှုများမှ သင်ယူမှုများ တိုးတက်စေနိုင်မည့် လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးလာစေရန် အားထုတ်ကြိုးပမ်းလျက်ရှိပါသည်။ အဖွဲ့အစည်းအနေဖြင့် ၎င်း၏လုပ်ရှားဆောင်ရွက်မှု နယ်ပယ်ရှိ အပြောင်းအလဲများနှင့် ထောက်ပံ့ကြေးလျှောက်ထားသူ၏ လိုအပ်ချက်များအပေါ် စိတ်ဝင်တစား မြန်မြန်ဆန်ဆန် တုံ့ပြန်လေ့ရှိသည်။

## IX. အားလုံးပါဝင်နိုင်မှုနှင့် မတူကွဲပြားမှု

အဖွဲ့အစည်းအနေဖြင့် ၎င်း၏ အစီအစဉ်ကျသော ထိရောက်မှုကို အားဖြည့်ပေးရန်အတွက် ၎င်း၏ဝန်ထမ်းများ၊ စီမံညွှန်ကြားရေးဘုတ်အဖွဲ့ဝင်များ အားလုံးပါဝင်မှု တိုးတက်လာစေရန်အတွက် သန္နိဋ္ဌာန်ချကြိုးပမ်းလျက်ရှိသည်။ အဖွဲ့အစည်းအနေဖြင့် ဝန်ထမ်းခန့်ထားခြင်း၊ ဆက်လက်ခန့်ထားခြင်း၊ ရာထူးတိုးခြင်း၊ ဘုတ်အဖွဲ့ဝင်ရွေးချယ်ခြင်းနှင့် ပံ့ပိုးပေးမည့်နယ်မြေစသည်တို့တွင် အားလုံးပါဝင်မှု တိုးတက်စေမည်ဖြစ်သည်။

## X. အပြည်ပြည်ဆိုင်ရာ ပရဟိတလုပ်ငန်း

အောက်ပါ (ဖောင်ဒေးရှင်းကောင်စီ/ ဥရောပ ဖောင်ဒေးရှင်းစင်တာ၊ *အပြည်ပြည်ဆိုင်ရာ ပရဟိတလုပ်ငန်းအတွက် တာဝန်ခံမှုဆိုင်ရာ အခြေခံမှုများ*မှ ထုတ်နုတ်ထားသော) အခြေခံမှု ခုနစ်ခုမှာ ဤအဖွဲ့အစည်း၏ အပြည်ပြည်ဆိုင်ရာ ပရဟိတလုပ်ငန်းအတွက် လမ်းညွှန်ရန် ရည်ရွယ်ထားခြင်းဖြစ်သည် -

- *ဖြောင့်မတ်မှန်ကန်မှု။* အပြည်ပြည်ဆိုင်ရာ ပရဟိတလုပ်ငန်းများကို ကျွန်ုပ်တို့၏ လုပ်ငန်းတာဝန်၊ စံတန်ဖိုးများ၊ မျှော်မှန်းချက်၊ ပင်မအစွမ်းအစများနှင့်ကိုက်ညီသော နည်းလမ်းဖြင့် လုပ်ဆောင်ခြင်း။
- *နားလည်ခြင်း။* ကျွန်ုပ်တို့၏ နိုင်ငံတကာ ပရဟိတလုပ်ငန်းလုပ်ဆောင်ရာ ဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နည်းပညာဆိုင်ရာ ဆက်စပ်အခြေအနေများကို သုတေသနပြုရန်နှင့် နားလည်ရန် အချိန်ယူခြင်း။
- *လေးစားမှု။* ယဉ်ကျေးမှုဆိုင်ရာ ခြားနားမှုများနှင့် လူသားချင်း မတူကွဲပြားမှုများကို လေးစားခြင်းဖြင့် ယဉ်ကျေးမှုအရ ထောင်လွှားမာန်တက်ခြင်းကို ရှောင်ကြဉ်ခြင်း။ ဒေသဆိုင်ရာ ဗဟုသုတ၊ အတွေ့အကြုံနှင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှုများကို အသိအမှတ်ပြုခြင်း။ ကျွန်ုပ်တို့ သိထားသည့်အရာများ၊ ကျွန်ုပ်တို့တွင်ရှိသည့် ရင်းမြစ်များနှင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည့်အရာများ၊ ကျွန်ုပ်တို့ လေ့လာရန်လိုအပ်သေးသည့် အရာများအကြောင်း နှိမ့်ချပြောဆိုခြင်း။ အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ကြေးရရှိထားသူများနှင့် မိတ်ဖက်အဖွဲ့များသို့ သွားရောက်သည့်အခါ ကျွန်ုပ်တို့သည် သူတစ်ပါးတိုင်းပြည်တွင် ရောက်ရှိနေသော ဧည့်သည်များဖြစ်သည်ကို စိတ်တွင်အမြဲ မှတ်ယူထားမည်ဖြစ်သည်။
- *တုံ့ပြန်ဆောင်ရွက်ခြင်း။* အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ကြေးရရှိထားသူများနှင့် မိတ်ဖက်များ၏ လိုအပ်ချက်များနှင့် လက်တွေ့အခြေအနေများကို နားလည်ပြီး သင့်လျော်စွာ တုံ့ပြန်ဖြေရှင်းပေးနိုင်ရန် ပြောကြားမှုများကို ဂရုတစိုက်နားထောင်ခြင်း။
- *မျှတမှု။* ကျွန်ုပ်တို့၏ တောင်းဆိုမှုများမှာ ကျွန်ုပ်တို့၏ ပံ့ပိုးမှုပမာဏ၊ ရည်ရွယ်ချက်၊ သဘာဝတို့နှင့် အချိုးညီညီရှိစေလျက် ကျွန်ုပ်တို့ထောက်ပံ့ကြေးရရှိထားသူများနှင့် မိတ်ဖက်များထံမှ ကျွန်ုပ်တို့အလိုရှိသည်များမှာ ကြောင်းကျိုးညီညွတ်ပြီး ပြောင်းလွယ်ပြင်လွယ်ရှိခြင်း။
- *ပူးပေါင်းဆောင်ရွက်ခြင်း။* အပြည်ပြည်ဆိုင်ရာ လုပ်ငန်းများသည် ရန်ပုံငွေရှာဖွေသူများကိုယ်တိုင်နှင့် DPO များ၊ NGO များ၊ လုပ်ငန်းများ၊ အစိုးရများနှင့် ဘက်ပေါင်းစုံပါဝင်သည့် အဖွဲ့အစည်းများအပါအဝင် အမျိုးမျိုးသော ဆောင်ရွက်သူများနှင့် ထိထိဝင်ဝင် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်များကို သိရှိခြင်း။ ရင်းမြစ်များ အများဆုံးဖြစ်စေရန်၊ ပူးပေါင်းဆောင်ရွက်မှု ရလဒ်များ တည်ဆောက်ရန်၊ ဖန်တီးနိုင်စွမ်းများ အားကောင်းလာစေရန်နှင့် သင်ယူရေးနှင့် အကျိုးသက်ရောက်မှုများ တိုးတက်လာစေရန်အတွက် ပူးပေါင်းလုပ်ဆောင်ရန် အားထုတ်ကြိုးပမ်းခြင်း။
- *ထိရောက်မှု။* ကျွန်ုပ်တို့၏ နိုင်ငံတကာ ပရဟိတလုပ်ငန်းသည် ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက်များ၊ ထောက်ပံ့ကြေးရရှိထားသူများအပြင် မိတ်ဖက်အဖွဲ့အစည်းများနှင့် အပြန်အလှန် လေ့လာသင်ယူရေး လုပ်ငန်းစဉ်တစ်ခုအဖြစ် ညှိနှိုင်းလုပ်ကိုင်ခြင်းဖြင့် ထိရောက်မှုရှိမရှိကို ဆန်းစစ်လေ့လာခြင်း။ ကျွန်ုပ်တို့၏ နိုင်ငံတကာ ပရဟိတလုပ်ငန်းသည် ကျွန်ုပ်တို့အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်အောင်မြင်

မှုနှင့် အများအကျိုးအတွက် ဆောင်ရွက်မှုတို့အပေါ် ကူညီထောက်ပံ့ပေးပုံကို ဖော်ပြခြင်း။ ရေရှည်တည်တံ့နိုင်ရန်နှင့် ထိထိရောက်ရောက်ဖြင့် ကာလရှည်ကြာ ဆောင်ရွက်နိုင်ရန်အတွက် အစီအစဉ်ရေးဆွဲခြင်း။

**XI. ရန်ပုံငွေရှာဖွေခြင်း**

ရန်ပုံငွေ ရှာဖွေရာတွင် အဖွဲ့အစည်းအနေဖြင့် ၎င်း၏ ရန်ပုံငွေ ကောက်ခံရေးဆိုင်ရာ အချက်အလက်များတွင် ဖြောင့်မတ်မှန်ကန် ရမည်ဖြစ်သည်။ အဖွဲ့အစည်းအနေဖြင့် အလှူရှင်များ၏ ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သည့် ကိစ္စရပ်များအပေါ် အလေးထားကာ အလှူရှင်၏ လိုလားချက်နှင့်အညီ ရန်ပုံငွေအား သုံးစွဲပြီး အလားအလာရှိသည့် အလှူရှင်များအပေါ် အရေးပါသော သက်ဆိုင်ရာ အချက်အလက်များကို ဖွင့်ဟထုတ်ဖော်ပြတတ်ပါသည်။ အများပြည်သူထံမှ ရန်ပုံငွေကောက်ခံရာတွင် အဖွဲ့အစည်းအနေဖြင့် အလှူရှင်များ၏ အခွင့်အရေးကို အလေးထားပါသည် -

- အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်၊ ရင်းမြစ်များ အသုံးပြုပုံနှင့် ၎င်းလိုလားသော ရည်ရွယ်ချက်များအတွက် အလှူငွေများကို ထိထိရောက်ရောက် အသုံးပြုနိုင်စွမ်းတို့ကို သိခွင့်ရှိခြင်း
- အဖွဲ့အစည်း၏ စီမံညွှန်ကြားရေးဘုတ်အဖွဲ့ဝင်များမှာ မည်သူမည်ဝါဖြစ်ကြောင်းအသိပေးရန်နှင့် ဘုတ်အဖွဲ့မှ ၎င်း၏ အမြော်အမြင်ရှိသော တာဝန်ဝတ္တရားများဖြင့် ထက်ထက်မြက်မြက် ဝေဖန်သုံးသပ်မှုကို မျှော်မှန်းခွင့်ရှိခြင်း
- အဖွဲ့၏ လတ်တလောအဖြစ်ဆုံး စာရင်းစစ်ထားပြီးသော ဘဏ္ဍာရေးမှတ်တမ်းအား ကြည့်ရှုခွင့်ရှိခြင်း
- ၎င်းတို့၏လက်ဆောင်များကို ၎င်းတို့ပေးသော ရည်ရွယ်ချက်များအတွက် အသုံးပြုမည်ဟု အာမခံပေးထားခြင်း
- သင့်လျော်သော အသိအမှတ်ပြုမှုကို ရရှိခွင့်ရှိခြင်း
- ၎င်းတို့၏ လှူဒါန်းမှုများကို ဥပဒေမှဖော်ပြထားသော အတိုင်းအတာအထိ လေးစားသမှု၊ လျှို့ဝှက်မှုတို့ဖြင့် ကိုင်တွယ်ဆောင်ရွက်နေကြောင်း အချက်အလက်များကို သိရှိခွင့်ရှိခြင်း
- အဖွဲ့အစည်းဝန်ထမ်းများ၏ ပညာရှင်ဆန်ဆန် လေးစားသမှုဖြင့် ဆက်ဆံခံရခြင်း
- လှူဒါန်းမှုများ ရရှိရန် ကြိုးပမ်းနေသူများမှာ စေတနာ့ဝန်ထမ်းများ၊ အဖွဲ့အစည်း၏ ဝန်ထမ်းများ သို့မဟုတ် ခန့်အပ်ထားသည့် ရန်ပုံငွေရှာဖွေသူများဟုတ်မဟုတ်ကို သိရှိခွင့်ရှိခြင်း
- အဖွဲ့အစည်းမှ မျှဝေပေးနိုင်သည့် စာပို့စာရင်းတွင် မိမိတို့၏ အမည်ကို ပယ်ဖျက်ထားရန်အတွက် အခွင့်အရေးရှိခြင်း
- အမည်မဖော်ပြဘဲ နေခွင့်ရှိခြင်း
- အလှူတစ်ခုပြုလုပ်သည့်အခါ မေးခွန်းများလွတ်လပ်စွာ မေးခွင့်ရှိကာ ချက်ချင်းမှန်ကန်သော ပွင့်လင်းသော အဖြေများကို ရရှိနိုင်ခွင့်ရှိခြင်း
- ထောက်ပံ့ကြေးပေးသော ကော်မတီတွင် တာဝန်ထမ်းဆောင်ခွင့်ရှိခြင်း (အဖွဲ့အစည်းဆိုင်ရာ အလှူရှင်များသာ)

**XII. သတင်းပေးပို့ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

ဤကျင့်ဝတ်အား အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ကျင့်သုံးခြင်းများနှင့်ပတ်သက်၍ အမှုဆောင်ဒါရိုက်တာ သို့မဟုတ် စီမံညွှန်ကြားရေးဘုတ်အဖွဲ့ဝင်များထံမှ လမ်းညွှန်ချက်တောင်းခံရန် ဝန်ထမ်းများအား တိုက်တွန်းလိုပါသည်။ အလားတူပင် ဘုတ်အဖွဲ့ဝင်များသည်လည်း ဘုတ်အဖွဲ့၏ ပူးတွဲနာယကများ သို့မဟုတ် အခြားသင့်လျော်သော ဘုတ်အဖွဲ့ဝင်များထံ ချဉ်းကပ်ရန် တိုက်တွန်းလိုပါသည်။ သိရှိထားသော သို့မဟုတ် အလားအလာရှိသော မည်သည့်ကျင့်ဝတ်ဖောက်ဖျက်မှုကိုမဆို ဖွင့်ဟထုတ်ဖော်သင့်ပါသည်။ အလားအလာရှိသော ချိုးဖောက်မှုများအား သတင်းပေးပို့ရာတွင် အဖွဲ့အစည်း၏ သတင်းပေးပို့သူ မူဝါဒတွင် ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာသင့်သည်။